**သင်၏ဆေး - Losartan Potassium _______ mg**

**~~အကြောင့် ကျွန်တော်/ကျွန်မ ဤဆေးကိုသောက်ရပါသနည်း?~~** သင့်တွင် သွေးတိုးရောဂါရှိသည်။ ကုသမှုမရှိလျှင် သွေးတိုးရောဂါသည် အန္တရာယ်ရှိသည်။ ၄င်းသည် လေဖြတ်ခြင်းများ နှင့် နှလုံးဖောက်ပြန်မှုများကို ဖြစ်ပေါ်စေ နိုင်ပါသည်။ ကုသမှုမရှိသည့်သွေးတိုးရောဂါကြောင့် သင့်အသက်ဆုံးရှုံးနိုင်ပါသည်။ သင့်တွင်ဆီးချိုရောဂါလည်းရှိလျှင်၊ ဤဆေးသည် သင့်ဆီးချိုရောဂါကြောင့် သင်၏ကျောက်ကပ်များပျက်စီးမှုကို ရှောင်ကြဉ်နိုင်ရန် ကူညီပေးမည်ဖြစ်သည်။

**~~မနက်တိုင်းတွင် ပထမဦးဆုံးအနေဖြင့် ဆေး ၁ လုံးသောက်ပါ။~~** ဆေးမသောက်မီ အစာစားရန်မလိုအပ်ပါ။

**ဤဆေးသောက်သည့်အချိန်တွင် ကျွန်တော်/ကျွန်မ မည်သည့်အရာကိုခံစားရမည်နည်း?** ဤဆေးသောက်ခြင်းကြောင့် ဘေးထွက်ဆိုးကျိုးများ ရံဖန်ရံခါ ရှိသည်။ ဘေးထွက်ဆိုးကျိုးဟူသည်မှာ ပုံမှန်မဟုတ်သည့်အရာ တစ်ခုခုကို သင်ခံစားရခြင်းဖြစ်သည်။ သင်၏ခန္ဓာကိုယ်သည် ဆေးကိုနေသားကျလာသောအခါ ဘေးထွက်ဆိုးကျိုးများအချို့မှာ Losartan သောက်ခြင်းကြောင့်ဖြစ်ပေါ်လာ၍ မူးဝေခြင်း နှင့် ခေါင်းအနည်းငယ်ကိုက်ခြင်းတို့ ပါဝင်နိုင်ပါသည်။

ဘေးထွက်ဆိုးကျိုးများအချို့မှာ မကြာခဏဖြစ်ပေါ်မှုမရှိသော်လည်း ပြင်းထန်နိုင်ပါသည်။ **အင်ပြင်ကွက်ထခြင်း၊ မျက်နှာ၊ နှုတ်ခမ်း၊ လျှာ သို့မဟုတ် လည်ချောင်း ရောင်ကိုင်းလာခြင်း၊ အသက်ရှုရန် ခက်ခဲခြင်း၊ သို့မဟုတ် မူးဝေမှုအပြင်းအထန်ဖြစ်ပေါ် ခြင်းတို့ဖြစ်ပေါ်ပါက 911 ခေါ်ပါ သို့မဟုတ် အရေးပေါ်ခန်းသို့ ချက်ချင်းသွားပါ။**

**နောက်ထပ်မည်သည့်အရာများ ကျွန်တော်/ကျွန်မ သိရန်လိုအပ်ပါသနည်း?**

1. သင်နေကောင်းသော်လည်း ဤဆေးကို သင်နေ့တိုင်းသောက်ရမည်။
2. ဤဆေးကို သင်လတိုင်းပြန်ဖြည့်ရမည်။
3. မတူညီသည့်ဆရာဝန်၏ရုံးခန်း၊ ဆေးခန်း၊ သို့မဟုတ် အရေးပေါ်ခန်းသို့ သင်သွားပြသပါက၊ ၄င်းတို့အား သင့်တွင်သွေးတိုးရောဂါရှိကြောင်းနှင့် Losartan Potassium သောက်နေကြောင်း ပြောပြပါ။

"ဤအကြောင်းအရာမှာ သတင်းအချက်အလက်အဖြစ်သာ ရည်ရွယ်သည်ဖြစ်သောကြောင့် ဆေးပညာရှင်၏ အကြံပေးချက်အဖြစ် မခံယူသင့်ပေ။ ရောဂါအခြေအနေ သို့မဟုတ် ကုသမှုတို့နှင့် ပတ်သက်သော မည်သည့် မေးခွန်းများကိုမဆိုသင်မေးချင်ပါက သင်၏ဆရာဝန် သို့မဟုတ် အခြားအရည်အချင်းပြည့်မှီသော ကျန်းမာရေး ထောက်ပံ့သူ၏အကြံဉာဏ်ကို အမြဲတမ်းရှာဖွေရယူပါ။"